
အရှင်ဆန္ဒာဓိက

ဋ္ဌေပါရမီတောရ

# မိဘကျေးဇူး အကျေဆပ်နည်း



GRAPHIC NAY WINN AUNG

မမှတကား နေ့တိုင်းကြားက၊ စိတ်ထားဖွေးလက်၊ သိဉာဏ်ထက်၏။

................သို့

အမှတ်တရဓမ္မဒါန

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။**

---

**အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။**

---

အရဟံ၊
ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား။

အရဟံ၊
ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို
ပြုတော်မမူသော မြတ်စွာဘုရား။

အရဟံ၊
ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

- - - - - - - - - - - - - - - - - - - - - - - -

စာမူခွင့်ပြုချက် – ၆၀၆/၂၀၀၄ (၉)
မျက်နှာဖုံးခွင့်ပြုချက် – ၅၃၄/၂၀၀၄ (၉)
မျက်နှာဖုံးပန်းချီ – နေဝင်းအောင်
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးကြင်ရွှေ (၀၃၁၀၅)၊ မိသားစုပုံနှိပ်တိုက်
အမှတ် ၉၀–အေ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်။
ထုတ်ဝေသူ
တက်လမ်း ဦးရှိန်ဝင်း (၇၃၅)၊ ရွှေပါရမီဓမ္မစာပေဖြန့်ချီရေးအဖွဲ့
အမှတ် (၁၉–အေ/၂)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။
ဓမ္မဒါန

# နို့နှစ်လုံးဖိုးလုံးကျေပါတယ်

အရှင်ဘုရား . . .

မြတ်စွာဘုရားရှင်ဟာ မိခင်ကျေးဇူးကို နို့တစ်လုံး ဖိုးပဲကျေအောင်ဆပ်နိုင်ခဲ့တယ်ဆိုတာ မှန်ပါသလားဘုရား။

**မောင်မိုးကျော်သူ၊ ရန်ကုန်မြို့။**

ဒကာမိုးကျော်သူရေ . . .

ဦးဇင်းတို့ လူဝတ်ကြောင်ဘဝ ငယ်ငယ်တုန်းက တက္ကသိုလ်အေးမောင်ရဲ့ 'ဘယ်ပန်းချီရေးလို့မမီ' သီချင်းကို အရူးအမူး စွဲလမ်းခဲ့ဖူးပါတယ်။

အဲဒီသီချင်းများ ရေဒီယိုက မလာလိုက်နဲ့၊ အ

သက်ရှူဖို့ မေ့သွားမတတ် ရှိုရှိုသမျှ သမာဓိတွေကို သီချင်း ဆီ စုပြုံပို့ပြီး နှစ်နှစ်ခြိုက်ခြိုက် နားထောင်တော့တာပါပဲ။ ငယ်ဘဝရဲ့ တသသသီချင်းတွေထဲမှာ အဲဒီသီချင်းလည်း ထိပ်ဆုံးက ပါတာပေါ့။ မိဘမေတ္တာနဲ့ ပတ်သက်တဲ့ သီချင်း ဆိုရင် ကလေးတိုင်း ကြိုက်ကြတာပဲ မဟုတ်လား။

မိဘမေတ္တာကို ဖွဲ့ဆိုတဲ့ သီချင်းတွေ၊ ဇာတ်လမ်း တွေဟာ သားသမီးတွေကို မိဘမေတ္တာနားလည်စိတ်၊ မိဘ ကျေးဇူးဆပ်လိုစိတ် ထက်သန်လာအောင် လှုံ့ဆော်တဲ့ နေရာမှာ စာပေထက်တောင် ပိုပြီး ထိရောက်ပါတယ်။ အနု ပညာရသ ပါတဲ့အတွက် သားသမီးတွေရဲ့ ရင်ထဲကို စွဲစွဲ နစ်နစ် ဝင်ရောက်သွားလို့ပါ။ အဲဒီအတွက် သက်ဆိုင်ရာ အနုပညာရှင်များကို အထူးကျေးဇူးတင်မိပါတယ်။

ဒါပေမဲ့ ကိုယ်ဖန်တီးလိုက်တဲ့ မိဘမေတ္တာဖွဲ့ အနု ပညာ ပစ္စည်းထဲမှာ မှားယွင်းတဲ့ အချက်အလက်တွေ၊ လွဲ ချော်တဲ့ အတွေးအခေါ်တွေ ပါနေရင်တော့ အဲဒီအချက် အလက်၊ အဲဒီအတွေးအခေါ်ကို အမှန်လို့ သတ်မှတ်သွား သူတွေရဲ့ အသိမှား၊ အမှတ်မှားမှုဟာ ကိုယ်ပေးလိုက်တဲ့

အကုသိုလ်အစိုင်အခဲကြီးဖြစ်နေတာမို့ ကိုယ်လည်း အကုသိုလ်ရှယ်ယာ ဝေစုခွဲပြီးသား ဖြစ်သွားပါတယ်။

မိဘမေတ္တာအကြောင်း ရေးကြ၊ ဖွဲ့ကြပြီဆိုရင် ဗုဒ္ဓစာပေ (ပိဋကတ်တော်) ထဲက အဆုံးအမတွေ၊ အချက်အလက်တွေကို အများဆုံး ကိုးကားကြတာ တွေ့ရပါတယ်။ ဗုဒ္ဓစာပေနဲ့ မိဘမေတ္တာ၊ မိဘမေတ္တာနဲ့ ဗုဒ္ဓစာပေ ခွဲခြားလို့တောင် မရပါဘူး။ 'မိဘကျေးဇူး သိရမယ်၊ ဆပ်ရမယ်'လို့ ပြောလိုက်ရင်ကိုပဲ 'ဒါ ဘာသာရေးအဆုံးအမ၊ ဒါ ဗုဒ္ဓလမ်းညွှန်ချက်' လို့တောင် သတ်မှတ်နားလည်လိုက်ကြတဲ့ အထိပါပဲ။

ဗုဒ္ဓစာပေကို မှီငြမ်းတဲ့ မိဘမေတ္တာဖွဲ့တွေမှာ 'မြတ်စွာဘုရားရှင်တောင်မှ မိခင်ကျေးဇူးကို နို့တစ်လုံးဖိုးပဲ ကျေအောင် ဆပ်နိုင်ခဲ့တယ်' ဆိုတဲ့အချက်ကို တွေ့ရတော့ သိပ်ကို အံ့ဩမိပါတယ်။

ပိဋကတ်တော်မှာမပါတဲ့ အကြောင်းအရာတစ်ခုကို ပါသလိုလို ရေးသားပြောဆိုတာဟာ အရမ်းအရမ်းကို အပြစ်ကြီးပါတယ်။ 'နို့တစ်လုံးဖိုးပဲ ကျေတယ်' ဆိုတဲ့

အချက်ကို မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်လည်း ဟော ကြားတော်မမူခဲ့သလို အဋ္ဌကထာဆရာ၊ ဋီကာဆရာတွေ ကလည်း ဖွင့်ဆိုတော်မမူခဲ့ကြပါဘူး။

သားသမီးတွေအပေါ်မှာ မိခင်ကျေးဇူး ကြီးမား တာ မှန်ပါတယ်။ ဒါပေမဲ့ မိခင်ကို အမွန်းတင်ချင်လွန်းတာ နဲ့ မြတ်စွာဘုရားရှင်ကို ပုတ်ခတ်စော်ကားသလို ဖြစ်သွား တာကတော့ လုံးဝ မသင့်တော်ပါဘူး။ 'ဘုရားတောင်မှ မိခင်ကျေးဇူး နို့တစ်လုံးဖိုးပဲ ကျေတယ်' လို့ ပြောတဲ့သူဟာ ဘုရားကိုလည်း စော်ကားရာရောက်သလို တရားကိုလည်း ဖျက်ဆီးရာ ရောက်ပါတယ်။ 'သာသနာဖျက်တဲ့သူ' လို့ တောင် ပွင့်ပွင့်လင်းလင်း ပြောနိုင်တဲ့အထိ အကုသိုလ်ကြီး ပါတယ်။

'မြတ်စွာဘုရားရှင်ဟာ မိခင်ကျေးဇူးကို နို့နှစ်လုံး ဖိုးလုံး ကျေအောင် ဆပ်နိုင်ခဲ့ပါတယ်၊ မြတ်စွာဘုရားရှင်မှာ မိခင်အပေါ် နို့ဖိုးကြွေး လုံးဝ မကျန်တော့ပါဘူး' ဆိုတဲ့ မိန့်ဆိုရေးသားချက် ပိဋကတ်တော် (ထေရဝါဒစစ်စစ် ဗုဒ္ဓ စာပေ) မှာ အခိုင်အမာ အထင်အရှားရှိပါတယ်။

ပါဠိတော်မူရင်းကတော့ 'ဗန္ဓနာရက္ခနေ မယှံ၊ အနဏော တွံ မဟာမုနေ' ပါ။ (စာမျက်နှာအညွှန်းနဲ့ ပါဠိအနက်ကို ဆောင်းပါးအဆုံးမှာ ဖော်ပြပေးထားပါတယ်)

မိထွေးတော်ဂေါတမီ ထေရီမကြီး ပရိနိဗ္ဗာန်ဝင်စံခါနီး (သေလွန်ခါနီး)မှာ မြတ်စွာဘုရားရှင်ကို စကားအတော်များများ လျှောက်ထားသွားခဲ့ပါတယ်။ အဲဒီလျှောက်ထားချက်များစွာထဲက တစ်ခုကတော့ မြတ်စွာဘုရားရှင်ရဲ့ 'နို့ဖိုးကြွေး'နဲ့ ပတ်သက်နေပါတယ်။ လျှောက်ထားပုံက ဒီလိုပါ။

'မြတ်စွာဘုရား . . .၊ အရှင်ဘုရားကို တပည့်တော်က လောကနို့ရည် တိုက်ကျွေးပြီး အရှင်ဘုရားရဲ့ ရူပကာယ (ရုပ်ကိုယ်ထည်) ကြီးထွားလာအောင် မွေးမြူခဲ့ရတဲ့အတွက် တပည့်တော်ဟာ အရှင်ဘုရားရဲ့ မယ်တော်ကြီး (မိခင်) ဖြစ်ပါတယ်'

'တပည့်တော်ကို အရှင်ဘုရားက ဓမ္မနို့ရည် တိုက်ကျွေးပြီး တပည့်တော်ရဲ့ ဓမ္မကာယ (တရားကိုယ်ထည်) ကြီးထွားလာအောင် မွေးမြူခဲ့ရတဲ့အတွက် အရှင်ဘုရားဟာ

တပည့်တော်ရဲ့ ခမည်းတော်ကြီး (ဖခင်) ဖြစ်ပါတယ်'

'တပည့်တော် တိုက်ကျွေးခဲ့တဲ့ လောကနို့ရည်က ဆာလောင်မွတ်သိပ်ခြင်းကို တဒင်္ဂတစ်ခဏပဲ ငြိမ်းအေး ပြေပျောက်စေနိုင်ပါတယ်။ အရှင်ဘုရားတိုက်ကျွေးခဲ့တဲ့ ဓမ္မနို့ရည်ကတော့ ဆာလောင်မွတ်သိပ်ခြင်းကို အမြဲထာဝရ ငြိမ်းအေးပြေပျောက်စေနိုင်ပါတယ်'

'မြတ်စွာဘုရား . . .၊ အရှင်ဘုရားဟာ တပည့်တော်ကို ကိလေသာ အနှောင်အဖွဲ့အားလုံးမှ လွတ်မြောက်အောင် စောင့်ရှောက် ကယ်တင်နိုင်ခဲ့တဲ့အတွက်ကြောင့် တပည့်တော်အပေါ်မှာ အရှင်ဘုရား နို့ဖိုးကြွေး လုံးဝ မကျန်တော့ပါ။ မယ်တော့်ကျေးဇူးကို နို့နှစ်လုံးဖိုးလုံး ကျေအောင် ဆပ်နိုင်ခဲ့ပြီးပါပြီဘုရား'

ဒကာမိုးကျော်သူရေ . . .

မိထွေးတော်ဂေါတမီ ထေရီမကြီးရဲ့ 'နို့ဖိုးကြွေးရှင်းတမ်း' လျှောက်ထားချက်ကို မြတ်စွာဘုရားရှင်က ငြင်းဆန်ခြင်း လုံးဝမပြုဘဲ လက်ခံတော်မူခဲ့တဲ့အတွက် အဲဒီ လျှောက်ထားချက်သည်ပင်လျှင် မြတ်စွာဘုရားရှင်ရဲ့ မိန့်

ကြားတော်မူချက်ပါပဲ။

တကယ်လို့သာ နို့ဖိုးကြွေးမကျေဘူးဆိုရင် 'ဟဲ့ . . . ဂေါတမီ၊ သင်လျှောက်ထားတာ မှားနေတယ်၊ မိခင်ကျေးဇူးကို ငါဘုရား နို့နှစ်လုံးဖိုးလုံးကျေအောင် မဆပ်နိုင်ဘူးကွဲ့၊ နို့တစ်လုံးဖိုးပဲ ကျေအောင်ဆပ်နိုင်တယ်' လို့ မြတ်စွာဘုရားရှင်က စကားပြင်ပြောမှာပေါ့။ အခုတော့ အဲဒီလို စကားပြင်ပြောခဲ့တာမှ မဟုတ်ဘဲ၊ ဆိတ်ဆိတ်နေပြီး လက်ခံတော်မူခဲ့တာပါ။

ဆာလောင်မွတ်သိပ်ခြင်းဆိုတာ 'တဏှာ'ပါ။ 'လောကနို့ရည်' က နို့ဆာတဲ့ တဏှာကိုပဲ ပယ်ဖျောက်ပေးနိုင်ပါတယ်။ (ဒါတောင်မှ တဒင်္ဂပါ။ အချိန်တန်တော့ ပြန်ဆာလာတာပါပဲ။) တခြားဆာတဲ့ တဏှာတွေကိုတော့ ပယ်ဖျောက်မပေးနိုင်ပါဘူး။ နို့စို့အရွယ်မှာတောင် ဟိုလူမြင်ချင်၊ ဒီလူမြင်ချင်၊ ဟိုဟာစားချင်၊ ဒီဟာသောက်ချင်နဲ့ ဆာလောင်မွတ်သိပ်မှုမျိုးစုံ (လိုချင် နှစ်သက် တပ်မက်သာယာမှုမျိုးစုံ) တိုးပွားနေပါတယ်။

နို့ပြတ်သွားပြီဆိုတာနဲ့ တစ်ရက်ထက်တစ်ရက်၊

တစ်လထက်တစ်လ၊ တစ်နှစ်ထက်တစ်နှစ် ဆာလောင်မှု တဏှာတွေ တိုးတိုးလာပါတယ်။ အဲဒီလို တိုးလာအောင် လည်း မိခင်ကိုယ်တိုင်ကပဲ သင်ကြားပေးတာပါ။ 'သားသား ဒီမုန့်လေးက ကောင်းတယ်နော်၊' 'မီးမီး ဒီ အရုပ်လေးက လှတယ်နော်' ဆိုတာမျိုးတွေက အစပြုလို့ပေါ့။

အသက်ကြီးလေ၊ အဆာတိုးလေနဲ့ တဏှာကြီး ကြီးလာလိုက်တာ 'နွားကြီးလေ၊ ချိုရှည်လေ' ဖြစ်တော့တာ ပါပဲ။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ အာရုံ ငါးပါး ကာမဂုဏ်တရားတွေကို ဆာလောင်မွတ်သိပ်တဲ့ တဏှာကို 'လောကနို့ရည်' လို့ခေါ်တဲ့ 'မိခင်နို့ရည်'က ဘယ်လိုနည်းနဲ့မှ ပယ်ဖျောက်မပေးနိုင်ပါဘူး။ (မိခင်ကျေးဇူး ရှုထောင့်နှင့် ရောထွေးမပစ်ပါနှင့်။)

'သစ္စာလေးပါး မြတ်တရား' ဆိုတဲ့ 'ဓမ္မနို့ရည်' က တော့ ဆာလောင်မွတ်သိပ်မှု တဏှာအားလုံးကို အကြွင်းမဲ့ ပယ်ဖျောက်ပေးနိုင်ပါတယ်။ သစ္စာလေးပါးကို အရဟတ္တ မဂ်နဲ့ ထိုးထွင်းသိမြင်ပြီးလို့ ရဟန္တာဖြစ်သွားပြီဆိုရင် ဘယ် အရာကိုမှ ဆာလောင်မွတ်သိပ်မှု မရှိတော့ပါဘူး။ အာရုံ

အားလုံး၊ ဘဝအားလုံး ဘာကိုမှ သာယာနှစ်သက် တပ်မက်တွယ်တာမှု မရှိတော့တဲ့အတွက် တဏှာအဆာဓာတ်အားလုံး အပြီးတိုင် ချုပ်ငြိမ်းပြေပျောက်သွားပါပြီ။

ရဟန္တာအဆင့်ထိ မရောက်တောင်မှ သစ္စာတရားကို သူ့အဆင့်နဲ့သူ သိတဲ့သူဟာ သူ့အတိုင်းအတာနဲ့သူတော့ တဏှာအဆာဓာတ် လျော့ပါးသက်သာပါတယ်။

ပုထုဇဉ်အဆင့်ကို ကျော်လွန်ပြီး အောက်ထစ်ဆုံး သောတာပန်အရိယာအဆင့်ကို ရောက်သွားတယ်ဆိုရင်ပဲ သိပ်မကြာလှတော့တဲ့ တစ်ချိန်မှာ ရဟန္တာဖြစ်ဖို့ သေချာသွားပြီ ဖြစ်တဲ့အတွက် မိခင်ကို သောတာပန်ဖြစ်အောင် 'မမွေးနို့ရည်' တိုက်ကျွေးပေးတဲ့ သူတော်ကောင်းပုဂ္ဂိုလ်ဟာ မိခင်ကျေးဇူးကို နို့နှစ်လုံးဖိုးလုံးကျေအောင် ဆပ်ပြီးသား ဖြစ်တော့တာပါပဲ။

မြတ်စွာဘုရားရှင်ဟာ မိခင်နို့ ခုနစ်ရက် တိုက်ကျွေးခဲ့တဲ့ မယ်တော်ရင်း မဟာမာယာဒေဝီကနေ ဘဝပြောင်းသွားတဲ့ သန္တုသိတနတ်သားကို ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရား (သုတ္တန်ကြားညှပ်) ဟောကြားပေး

ခြင်းအားဖြင့် သောတာပန်ဖြစ်သွားအောင် 'ဓမ္မနို့ရည်' တိုက်ကျွေးခဲ့ပါတယ်။ မယ်တော်နတ်ရွာစံပြီးတဲ့နောက် နို့မပြတ်မချင်း မိမိရဲ့ နို့ချိုကို တိုက်ကျွေးခဲ့တဲ့ မိထွေးတော် မဟာပဇာပတိ ဂေါတမီထေရီမကြီးကိုတော့ ရဟန္တာဖြစ်တဲ့ အထိ 'ဓမ္မနို့ရည်' တိုက်ကျွေးခဲ့ပါတယ်။

မယ်တော်ရင်းအနေနဲ့ သောတာပန်သာဖြစ်သေးတဲ့အတွက် တဏှာအဆာဓာတ်တွေ လုံးဝ မပြေပျောက်သေးပေမယ့် သိပ်မကြာလှတော့တဲ့ တစ်ချိန်မှာတော့ တဏှာအဆာဓာတ် လုံးဝပြေပျောက်တဲ့ ရဟန္တာဖြစ်ဖို့ သေချာသွားပါပြီ။ အဲဒီအတွက် မြတ်စွာဘုရားရှင်မှာ နို့တစ်စက်ဖိုးမှ အကြွေးမကျန်တော့ပါဘူး။ နို့ဖိုးကြွေးအားလုံး ကျေသွားပါပြီ။ နို့နှစ်လုံးဖိုးလုံး ကျေးဇူးဆပ်ပြီးပါပြီ။

နှစ်နဲ့ချီပြီး နို့စို့ခဲ့ရတဲ့ မိထွေးတော်ဂေါတမီအပေါ်မှာတောင် နို့ဖိုးကြွေးမကျန်တော့ဘူးဆိုမှတော့ ခုနစ်ရက်ပဲ နို့စို့ခဲ့ရတဲ့ မယ်တော်မာယာအပေါ်မှာ နို့ဖိုးကြွေး တစ်စက်ဖိုးမှ မကျန်တော့ဘူးဆိုတာ ယုံမှားသံသယဖြစ်စရာ မရှိပါဘူး။ နို့နှစ်လုံးဖိုးလုံး ကျေပါတယ်။

## နို့နှစ်လုံးဖိုးလုံးကျေပါတယ်

'မြွတ်စွာဘုရားတောင်မှ မိခင်ကျေးဇူးကို နို့တစ်လုံးဖိုးပဲ ကျေအောင် ဆပ်နိုင်ခဲ့ပါတယ်' ဆိုတဲ့စကားဟာ တက်တက်စင်အောင် လွဲမှားတဲ့ လုပ်ကြံစကားသာ ဖြစ်ပါတယ်။ ဘယ်ပိဋကတ်တော်၊ ဘယ်ဗုဒ္ဓစာပေမှာမှ မပါပါဘူး။

ပိဋကတ်ကျွမ်းကျင်တဲ့ ဘယ်ဆရာတော်ကိုမဆို မေးမြန်းကြည့်နိုင်ပါတယ်။ ဝိဇ္ဇာလိုလို၊ ဘိုးတော်လိုလို ဖိုးသိဖတ်သီဘုန်းကြီးတွေကိုတော့ သွားမမေးနဲ့ပေါ့။ သူတို့ကတော့ တစ်ဆင့်ကြား အစဉ်အလာစကားကိုပဲ အမှန်လို့ သတ်မှတ်ပြီး ဟုတ်တယ်လို့ ခေါင်းညိတ်ကြမှာလေ။ ပိဋကတ်ဆိုတဲ့နေရာမှာလည်း ထေရဝါဒစစ်စစ် ပိဋကတ်တွေကိုသာ ဆိုလိုပါတယ်။

'နို့တစ်လုံးဖိုးပဲကျေတယ်' ဆိုတာတို့၊ 'သား ရွှေအိုးထမ်းလာတာ မြင်ချင်တယ်' ဆိုတာတို့ အဲဒီလို စသည် ပိဋကတ်တော်မှာ မလာတဲ့ အချက်အလက် အလွဲအမှားတွေ လူထုကြားထဲ စိမ့်ဝင်ပျံ့နှံ့ နေတာရဲ့ အဓိကတရားခံက ဇာတ်သမားတွေနဲ့ ကွက်စိပ်ဆရာတွေပဲ လို့ ရှေးဆရာ

တော်ကြီးတွေက မိန့်ဆိုတော်မူခဲ့ကြပါတယ်။

ကိုယ်ဖန်တီးတဲ့ အနုပညာကို ပရိသတ် စိတ်ဝင်စားအောင် သိုင်းဝိုင်းချဲ့ထွင် မွမ်းမံဖွဲ့နွဲ့ရင်းနဲ့ လက်လွန်နှုတ်လွန်ဖြစ်ပြီး ပိဋကတ်တော်လာ အမှန်တရားတွေကို တမင်မရည်ရွယ်ပေမယ့် ဖျက်ဆီးလိုက်သလို ဖြစ်သွားပါတယ်။ 'ဇာတ်သမားသေရင် ပဟာသငရဲရောက်တယ်' ဆိုတဲ့ ဗုဒ္ဓစကားတော်ရဲ့ အကြောင်းပြချက်တွေထဲမှာ ဇာတ်စာရေးသူတွေရဲ့ အချက်အလက် လွဲမှားအောင် ဖန်တီးမှုလည်း တစ်ခုအပါအဝင်ဖြစ်မှာ သေချာပါတယ်။ (ဇာတ်စာအားလုံးကို မဆိုလိုပါ)

'ပိဋကတ်တော်ကို ဇာတ်ဆရာ၊ ကွက်စိပ်ဆရာတွေ ဖျက်တယ်' ဆိုတဲ့စကား မှန်မမှန် သိချင်တာနဲ့ ဟိုတလောက ရေဒီယိုကလွှင့်တဲ့ ရွှေမန်းရဲ့ ဗုဒ္ဓဝင်လေးတော်တင်ခန်းကို တစ်ဝက်တစ်ပျက်ကနေ ခဏဖွင့် နားထောင်ကြည့်လိုက်တော့ . . . လား . . . လား မယ်တော်မာယာကနေ ဘဝပြောင်းသွားတဲ့ နတ်ကို မင်းသမီးတစ်ဦးက 'မယ်မယ်ဘုရား၊ မယ်မယ်ဘုရား' ချင်း မိုးမွှန်ပြီး နတ်သမီး

## နို့နှစ်လုံးဖိုးလုံးကျေပါတယ်

တစ်ပါးအဖြစ်နဲ့ တင်ဆက်သွားတာကို ကြားလိုက်ရပါရော လား။

တကယ်ဆို ဗုဒ္ဓဘာသာဝင်တိုင်းသိတဲ့ 'မယ်တော် မိနတ်သား' ဆိုတဲ့ စကားစုလေးကို ကြည့်လိုက်ရင်ကိုပဲ မယ်တော်မာယာဟာ နတ်သမီး ဖြစ်သွားတာမဟုတ်ဘူး၊ နတ်သားဖြစ်သွားတာဆိုတာ အလွယ်တကူ သိနိုင်ပါတယ်။

ဇာတ်သမားတွေရဲ့ လက်ချက်ကြောင့် ဖုန်းကညာ တစ်ပါး လုံးရာက ပြားသွားရပါပေါ့လား သန္တုသိတ နတ်သားကြီးရေ . . .။


**နို့ဖိုးကျေနိုင်ကြပါစေ။**

[အင်တာဗျူးဂျာနယ်၊ စက်တင်ဘာ(၁၈)၊ ၂၀၀၂။]

**အညွှန်း။** - ထေရီအပဒါနပါဠိတော်၊ စာမျက်နှာ ၂၀၉။
ဂါထာ ၁၃၃။
- **ပါဠိအနက်။** မဟာမုနေ - မြတ်စွာဘုရား၊ တွံ - ရှင်တော်မြတ်ဘုရားသည်၊ မယှံ - ဘုရားတပည့်

တော်အား၊ ဗန္ဓနာရက္ခနေ - ကိလေသာ အနှောင်အဖွဲ့မှ လွတ်မြောက်အောင် စောင့်ရှောက်ခြင်းကြောင့်၊ မယုံ - ဘုရားတပည့်တော်၏အပေါ်၌၊ အနဏော - နို့ဖိုးကြွေး ကင်းသူသည်၊ ဝါ - နို့နှစ်လုံးဖိုးလုံးကျေအောင် မိခင်ကျေးဇူး ဆပ်ပြီး သူသည်၊ အသိ - ဖြစ်တော်မူပါပေ၏။





# မိဘကျေးဇူးအကျေဆပ်နည်း

အရှင်ဘုရား . . .

မိဘကျေးဇူးကို ဘယ်လိုနည်းနဲ့မှ ကျေအောင် မဆပ်နိုင်ဘူးဆိုတာ မှန်ပါသလားဘုရား၊ မြတ်စွာဘုရားတောင်မှ မိခင်ကျေးဇူးကို နို့တစ်လုံးဖိုးပဲ ဆပ်နိုင်ခဲ့တယ်လို့လည်း ပြောကြလို့ပါ၊ မိဘကျေးဇူး ကျေအောင်ဆပ်တဲ့နည်း ရှိရင် မိန့်ကြားပေးတော်မူပါဘုရား . . . ။

မောင်အောင်ဇော်၊ ရန်ကုန်မြို့။

ဒကာအောင်ဇော်ရေ . . .

'မြတ်စွာဘုရားရှင်တောင် မိခင်ကျေးဇူးကို နို့

တစ်လုံးဖိုးပဲ ကျေအောင် ဆပ်နိုင်ခဲ့တယ်’ ဆိုတဲ့ အစဉ် အဆက်စကား လုံး၀ မမှန်ကန်ကြောင်း ‘နို့နှစ်လုံးဖိုးလုံးကျေ ပါတယ်’ ဆောင်းပါးမှာ ဦးဇင်း အကျယ်တဝင့် ရေးခဲ့ပြီးပြီမို့ ဒီနေရာမှာ ထပ်မပြောလိုတော့ပါဘူး။

လိုရင်းကတော့ . . . ဘ၀တစ်ပါး ပြောင်းသွားပြီး ဖြစ်တဲ့ မယ်တော်(သန္တုသိတနတ်သား)ကို ဘ၀သံသရာ ဝဋ်ဒုက္ခက လွတ်မြောက်အောင် ကယ်တင်နိုင်ခဲ့တဲ့အတွက် မြတ်စွာဘုရားရှင်မှာ ‘အမေ့နို့ဖိုး’ တစ်စက်မှ အကြွေးမကျန် တော့ပါဘူး။ မိခင်ကျေးဇူးကို ‘နို့နှစ်လုံးဖိုးလုံး ကျေအောင်’ မြတ်စွာဘုရား ဆပ်နိုင်ခဲ့ပါတယ်။

မိခင်ကျေးဇူးတွင်လားဆိုတော့ မဟုတ်ပါဘူး။ ဖခင်ကျေးဇူးကိုလည်း ‘အဖေ့ချွေးဖိုး’ တစ်စက်မှ အကြွေး မကျန်အောင် ဆပ်နိုင်ခဲ့တာပါပဲ။ ခမည်းတော် သုဒ္ဓေါဒန မင်းကြီးကို လူ၀တ်ကြောင်ဘ၀နဲ့ ရဟန္တာဖြစ်ပြီး ကျွတ်တမ်း ဝင်အောင် လမ်းညွှန်ပေးနိုင်ခဲ့တဲ့အတွက် ဖခင်ကျေးဇူးကို ‘လက်ရုံးနှစ်ဖက်ဖိုးလုံးကျေအောင်’ မြတ်စွာဘုရား ဆပ်နိုင်ခဲ့ ပါတယ်။

## မိဘကျေးဇူးအကျေဆပ်နည်း

အမေ့နို့ဖိုးရော၊ အဖေ့လက်ရုံးဖိုးပါ ကျေအောင် ဆပ်နိုင်ခဲ့တဲ့ မြတ်စွာဘုရားရှင်ဟာ မိဘကျေးဇူး အထူးသိ၊ အထူးဆပ်လိုတဲ့ သူတော်ကောင်းတိုင်းအတွက် အတုယူစရာ နမူနာစံပြ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ပါပဲ။

မိဘကျေးဇူးကို ကျေအောင်ဆပ်နိုင်ခဲ့တဲ့ မြတ်စွာဘုရားရှင်က 'ငါကတော့ ဘုရားမို့လို့ မိဘကျေးဇူးကို ကျေအောင်ဆပ်နိုင်တာ၊ သင်တို့ကတော့ သာမန်လူတွေမို့ မိဘကျေးဇူးကို ဘယ်တော့မှ ကျေအောင်ဆပ်နိုင်မှာ မဟုတ်ဘူး' လို့ လုံး၀ မိန့်တော်မမူခဲ့ပါဘူး။ 'ငါဘုရား မိဘကျေးဇူးကို အကျေဆပ်နိုင်သလို သင်ချစ်သား ချစ်သမီးတို့လည်း မိဘကျေးဇူးကို အကျေဆပ်နိုင်ပါတယ်' လို့ပဲ မိန့်တော်မူခဲ့ပါတယ်။

● မိဘကျေးဇူးဆပ်ခြင်းနဲ့ ပတ်သက်တဲ့ ဘုရားအဆုံးအမကို ပြောကြပြီဆိုရင် 'မိဘကျေးဇူးကို ဘယ်လိုမှ ကျေအောင် မဆပ်နိုင်ဘူး လို့ မြတ်စွာဘုရားဟောထားတယ်' လို့ လူအများ ပြောလေ့ရှိကြပါတယ်။ အမှန်က 'ကျေအောင် မဆပ်နိုင်ဘူး' လို့ ဟောထားတာ မဟုတ်ပါဘူး၊ 'ကျေအောင်

ဆပ်ဖို့ မလွယ်ဘူး' လို့ ဟောထားတာပါ။'လွယ်လွယ်ဆပ်ရုံနဲ့ ကျေးဇူးမကျေနိုင်ဘူး' လို့ ဟောထားတာပါ။'သာမန် ဆပ်ရုံနဲ့ ကျေးဇူးမကျေနိုင်ဘူး၊ အထူးဆပ်မှ ကျေးဇူးကျေနိုင်တယ်' လို့ ဆိုလိုပါတယ်။(န သုပ္ပဋိကာရံ ဝဒါမိ)

မြတ်စွာဘုရားရှင်ရဲ့ ဟောကြားချက်မူရင်းကို နားထောင်ကြည့်ပါဦး။

'ချစ်သား ချစ်သမီးတို့ . . .၊ ပုဂ္ဂိုလ်နှစ်ယောက်ရဲ့ ကျေးဇူးကို အလွယ်တကူ ဆပ်ရုံနဲ့ မကျေနိုင်ဘူး၊ ကျေအောင် ဆပ်ဖို့ မလွယ်ဘူးလို့ ငါဘုရား ပြောချင်ပါတယ်။ ပုဂ္ဂိုလ်နှစ်ယောက်ဆိုတာ မွေးမိခင်နဲ့ မွေးဖခင်၊ မိဘအရင်းအချာကို ပြောတာပါ'

'ချစ်သား ချစ်သမီးတို့၊ အနှစ်တစ်ရာသက်တမ်းမှာ အနှစ် တစ်ရာ အသက်ရှည်တဲ့ သားသမီးက အမေကို လက်ယာပခုံးမှာတင်၊ အဖေကို လက်ဝဲပခုံးမှာ တင်ပြီး ရာသက်ပန် ပြုစုလုပ်ကျွေးတယ် ဆိုကြပါစို့၊ ပခုံးထက်က မိဘနှစ်ပါးကို မွှေးပျံ့သင်းကြိုင်အောင် နံ့သာမျိုးစုံနဲ့လည်း ပွတ်တိုက် လိမ်းကျံပေးတယ်၊ အညောင်းအညာပြေအောင်

လက်တွေခြေတွေကိုလည်း ဆုပ်နယ်ပေး, နှိပ်ပေးတယ်၊ အေးတဲ့အခါ ရေနွေး, ပူတဲ့အခါ ရေအေးနဲ့လည်း ရေချိုးသန့်စင်ပေးတယ်၊ ကိုယ်လက် ပေါ့ပါးချမ်းသာအောင် လက်တွေ ခြေတွေကိုလည်း ဆွဲဆန့်ပေးတယ်၊ ပခုံးထက်မှာပဲ ကျင်ကြီးကျင်ငယ် စွန့်စေတယ်၊ အဲဒီလောက် ပြုစုလုပ်ကျွေးပေမယ့် မိဘကျေးဇူးကို တုံ့ပြန်ပြီးသား၊ အကျေဆပ်ပြီးသား မဖြစ်သေးပါဘူး'

'ချစ်သား ချစ်သမီးတို့ . . .၊ စကားကုန် ပြောရမယ်ဆိုရင် မိဘနှစ်ပါးကို နှစ်သက်ဖွယ်ရတနာတွေ အများကြီးရှိတဲ့ တစ်မြေပြင်လုံးကို စိုးမိုးအုပ်ချုပ် အကြီးအကဲလုပ်နိုင်တဲ့ စကြဝတေးမင်းရာထူးမှာထားပြီး ကျေးဇူးဆပ်ဦးတော့၊ မိဘကျေးဇူးကို ကျေအောင်ဆပ်ရာ မရောက်သေးပါဘူး'

'ချစ်သား ချစ်သမီးတို့ . . .၊ ဒီလောက်ကျေးဇူးဆပ်ရက်သားနဲ့ ဘာလို့ ကျေးဇူးမကျေနိုင်ရတာလဲဆိုရင် မိဘတွေဟာ သားသမီးတွေအပေါ် သိပ်ကို ကျေးဇူးများကြလို့၊ သားသမီးတွေကို ကြီးပြင်းရွယ်ရောက် လူလားမြောက်အောင် ဂရုတစိုက် စောင့်ရှောက်ကြလို့၊ နို့ချို တိုက်ကျွေး

မွေးမြူကြလို့၊ ဒီလောကကြီးရဲ့ အာရုံကောင်းဆိုး အမျိုးမျိုးကို သိမြင်အောင် သေချာပြသကြလို့ပါပဲ'

'ချစ်သား ချစ်သမီးတို့ . . .၊ မိဘကျေးဇူး အကျေဆပ်နိုင်တဲ့ နည်းလမ်းတွေကို ငါဘုရား ညွှန်ပြပါရစေ၊ သဒ္ဓါတရားမရှိတဲ့ မိဘကို သဒ္ဓါတရားနဲ့ ပြည့်စုံအောင်၊ သီလမရှိတဲ့ မိဘကို သီလနဲ့ပြည့်စုံအောင်၊ မပေးရက် မလှူရက်နှမြောဝန်တိုတဲ့ မိဘကို စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းနဲ့ ပြည့်စုံအောင်၊ ပညာဉာဏ်မရှိတဲ့ မိဘကို ပညာဉာဏ်နဲ့ ပြည့်စုံအောင် ကောင်းစွာနာယူ ဆောက်တည်စေမယ်၊ လေးလေးနက်နက် သက်ဝင်စေမယ်၊ ခိုင်ခိုင်ခံ့ခံ့ တည်တံ့မြဲမြဲစေမယ်ဆိုရင် မိဘကျေးဇူးကို တုံ့ပြန်ပြီးသား၊ အကျေဆပ်ပြီးသား ဖြစ်သွားပါတယ်'

ဒါဟာ ဘုရားဟောမူရင်းပါပဲ။ 'မိဘကျေးဇူးကို ဘယ်လိုနည်းနဲ့မှ ကျေအောင် မဆပ်နိုင်ဘူး' လို့ ဟောမထားပါဘူး။ ကျေးဇူးမကျေတဲ့ ဆပ်နည်းကိုလည်း အထင်အရှားဖော်ထုတ်ထားသလို ကျေးဇူးကျေတဲ့ ဆပ်နည်းကိုလည်း အတိအကျ ညွှန်ပြထားပါတယ်။

## မိဘကျေးဇူးအကျေဆပ်နည်း

မိဘကျေးဇူးဆပ်တဲ့နေရာမှာ လောကနည်းနဲ့ ဆပ်ခြင်း၊ ဓမ္မနည်းနဲ့ ဆပ်ခြင်းလို့ ဆပ်နည်းနှစ်မျိုးရှိပါတယ်။

မိဘအတွက် အစားအသောက်၊ အဝတ်အထည်၊ နေအိမ်တိုက်တာ၊ ကားရထား စတဲ့ လူမှုအသုံးအဆောင် ပစ္စည်းတွေ ပြည့်စုံအောင် စီမံဖန်တီးပေးတာကို လောကနည်းနဲ့ ကျေးဇူးဆပ်တယ်လို့ ခေါ်ပါတယ်။ မိဘရဲ့ စားဝတ်နေရေး ကျန်းမာရေးအတွက် ကိုယ်တတ်စွမ်းသမျှ ရုပ်ဝတ္ထုပစ္စည်းတွေနဲ့ ကျေးဇူးဆပ်တာမို့ 'ရုပ်ပိုင်းဆိုင်ရာကျေးဇူးဆပ်နည်း' လို့လည်း ဆိုနိုင်ပါတယ်။

'မိဘကျေးဇူး ဆပ်လို့ မကျေနိုင်ဘူး' ဆိုတာ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေကိုပဲ ဖြည့်ဆည်းပေးတဲ့ လောကနည်းကျေးဇူးဆပ်ခြင်းကို ရည်ရွယ်ပြီး ပြောတာပါ။

လောကနည်းနဲ့ ကျေးဇူးမကျေဘူးဆိုပေမယ့် အဲဒီနည်းနဲ့လည်း ဆပ်တော့ ဆပ်နေရမှာပါပဲ။ သီတင်းကျွတ်ကျမှ မိဘကို ကန်တော့တာမျိုး၊ နှစ်သစ်ကူးကျမှ မိဘကို လက်ဆောင်ပစ္စည်းပေးတာမျိုးလောက်နဲ့ ကျေနပ်မနေဘဲ နေ့စဉ်၊ လစဉ် ဆိုသလို မိဘကို အရိပ်တ ကြည့်ကြည့်နဲ့

ပြုစုစောင့်ရှောက်သင့်ပါတယ်။

မိဘက ကိုယ့်ကို ထမင်း ဘယ်နနပ် ကျွေးခဲ့ဖူးသလဲ၊ ကိုယ်ကရော မိဘကို ထမင်း ဘယ်နနပ် ပြန်ကျွေးခဲ့ပြီးပြီလဲ၊ မိဘက ကိုယ့်ကို အင်္ကျီ၊ လုံချည် ဘယ်နထည် ဆင်ခဲ့ဖူးသလဲ၊ ကိုယ်ကရော မိဘကို အင်္ကျီ၊ လုံချည် ဘယ်နထည် ဝယ်ပေးပြီးပြီလဲ၊ 'ပြန်တွေးကြည့်ရင် ရှက်စရာ' ဆိုတဲ့ စကားမျိုး ဘယ်တော့မှ ပြောစရာမလိုအောင် အစွမ်းကုန် ဖြည့်ဆည်းပေးလိုက်စမ်းပါ။ မိဘသေခါမှ 'ကျေးဇူးမဆပ်လိုက်ရလေခြင်း' လို့ အရှက်မရှိ အော်ငိုမနေပါနဲ့။

ပေးမှ၊ လှူမှ မိဘကို ကျေးဇူးဆပ်တာ မဟုတ်ပါဘူး။ မိဘရဲ့ ဝေယျာဝစ္စ ကိစ္စကြီးငယ်ကို လက်ရုံးအားနဲ့ ဆောင်ရွက်ပေးတာဟာလည်း ကျေးဇူးဆပ်တာပါပဲ။ မိဘရဲ့ အင်္ကျီ၊ လုံချည် လျှော်ဖွပ်ပေးတာတို့၊ မိဘကို အညောင်းအညာပြေအောင် နှိပ်နယ်ပေးတာတို့၊ မိဘ မကျန်းမာရင် ကိုယ်ကိုယ်တိုင်ကျ ဂရုတစိုက် ပြုစုတာတို့ ပြုလုပ်ပေးသင့်ပါတယ်။

စိတ်ထားမကတတ်တဲ့ မိဘ စိတ်ထားတတ်အောင်၊

ကုသိုလ် နည်းပါးတဲ့ မိဘ ကုသိုလ်တိုးပွားအောင် ကူညီပံ့ပိုး ပေးတာကို ဓမ္မနည်းနဲ့ ကျေးဇူးဆပ်တယ် လို့ ခေါ်ပါတယ်။ မိဘရဲ့ စိတ်ဓာတ်မြင့်မားရေးအတွက် စိတ်အာဟာရတွေနဲ့ ကျေးဇူးဆပ်တာမို့ 'စိတ်ပိုင်းဆိုင်ရာ ကျေးဇူးဆပ်နည်း' လို့ လည်း ဆိုနိုင်ပါတယ်။

ကိုယ့်ရဲ့ ကူညီပံ့ပိုးပေးမှုကြောင့် မိဘရဲ့ စိတ်ဓာတ် မြင့်မားမှုနဲ့ ကုသိုလ်တိုးပွားမှုက ဘဝလွတ်မြောက်မှုအဆင့် အထိ တက်လှမ်းနိုင်သွားပြီဆိုရင် အဲဒီလို တက်လှမ်းနိုင် အောင် ဓမ္မနည်းနဲ့ ကျေးဇူးဆပ်တဲ့ သားသမီးအနေနဲ့ မိဘ ကျေးဇူးကို အကျေဆပ်ပြီးသား ဖြစ်သွားတော့တာပါပဲ။

'သဒ္ဓါတရားမရှိတဲ့မိဘကို သဒ္ဓါတရားနဲ့ ပြည့်စုံ အောင် ဖန်တီးပေးရမယ်' တဲ့။ နတ်တွေ၊ ဘိုးတော်တွေကို အထင်ကြီး ကိုးကွယ်နေတဲ့ မိဘကို ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးသာ ကိုးကွယ်ရာအစစ် ဖြစ်ကြောင်း၊ 'သေရင် ပြီးပြီ' လို့ ယူဆနေတဲ့ မိဘကို သေရင်မပြီးသေးဘဲ ကိုယ်ပြု ထားတဲ့ ကောင်းကံ, မကောင်းကံအားလျော်စွာ ဘဝအသစ် ထပ်ဖြစ်ရဦးမယ့်အကြောင်း၊ ကံကို မယုံတဲ့ မိဘကို သရက်

စေ့ထဲမှာ သရက်ပင်ပေါက်ပြီး သရက်သီးတွေ အများကြီး သီးပေးနိုင်တဲ့ ဓာတ်သတ္တိ ကိန်းဝပ်နေသလို ပြုပြောကြံသမျှ လုပ်ရပ်ထဲ၊ စိတ်ဓာတ်ထဲမှာလည်း ကောင်းကျိုး၊ သို့မဟုတ် ဆိုးကျိုးပေးနိုင်တဲ့ ဓာတ်သတ္တိတွေ ကိန်းဝပ်နေကြောင်း နားလည်သဘောပေါက်အောင် ရှင်းပြပေးရမှာပေါ့။

'သီလမရှိတဲ့ မိဘကို သီလနဲ့ ပြည့်စုံအောင် ဖန်တီးပေးရမယ်' တဲ့။ ဒါနကုသိုလ်ကြီးတွေ ဒီလောက်လုပ်ထားမှတော့ သီလမလုံတဲ့ အကုသိုလ်လေးက အကျိုးပေးမှာ မဟုတ်ပါဘူး လို့ ယူဆနေတဲ့ မိဘကို ဒါနရှိပြီး သီလမရှိရင် ပစ္စည်းဥစ္စာ ချမ်းသာပေမယ့် အနာရောဂါများတတ်ကြောင်း၊ သေခါနီး ကောင်းရာသုဂတိရောက်ရေးကိစ္စကို သီလကသာ အဆုံးအဖြတ်ပေးကြောင်း နားလည်အောင် ပြောပြပေးရပါမယ်။ ငါးပါးသီလ စောင့်ထိန်းဖြစ်အောင်၊ ဥပုသ်သီလ ကျင့်သုံးဖြစ်အောင်လည်း ကူညီဆောင်ရွက်ပေးရပါမယ်။

'နှမြောတွန့်တိုတဲ့ မိဘကို အလှူဒါနနဲ့ ပြည့်စုံအောင် ဖန်တီးပေးရမယ်' တဲ့။ 'ပေးရင်ကုန်တာပဲ' လို့ ယူဆနေတဲ့ မိဘကို လယ်ကွက်ထဲ မျိုးစပါးကြဲလိုက်ရင် လက်ထဲ

မှာ လောလောဆယ် စပါးတွေ ကုန်သွားပေမယ့် စပါးပေါ်ချိန်မှာ ကုန်သွားတဲ့ မျိုးစပါးထက် အဆပေါင်းများစွာ သာလွန်တဲ့စပါးတွေ ပြန်ရနိုင်တာမို့ ကုန်တယ်မခေါ်ကြောင်း၊ မေတ္တာစေတနာနဲ့ပေးတဲ့ အပေးမှန်သမျှ ကိုယ်မမျှော်လင့်ပေမယ့် ကိုယ်ရဖို့ချည်းသာဖြစ်ကြောင်း ဒါနရဲ့ မျိုးစေ့နဲ့တူပုံကို လက်ခံလာအောင် ရှင်းပြပေးရပါမယ်။ အလှူဒါနအဆက်မပြတ်ပြုနိုင်အောင်လည်း ကိုယ်တတ်စွမ်းသမျှ အမြဲထောက်ပံ့ပေးရပါမယ်။

'ပညာဉာဏ်မရှိတဲ့ မိဘကို ပညာဉာဏ်နဲ့ ပြည့်စုံအောင် ဖန်တီးပေးရမယ်'တဲ့။ ကြုံတွေ့လာသမျှ အဖြစ်အပျက်တွေအပေါ် အဆိုးမြင်စိတ်နဲ့ပဲ အဖျက်သဘောတုံ့ပြန်တတ်တဲ့ မိဘကို အကောင်းမြင်စိတ်နဲ့ အပြုသဘောတုံ့ပြန်တတ်အောင်၊ စိတ်ထားမမှန်တဲ့ မိဘကို စိတ်ထားမှန်အောင် စိတ်ရှည်လက်ရှည် ဖျောင်းဖျနားချပေးရပါမယ်။ ဝိပဿနာအလုပ် အားမထုတ်ချင်တဲ့ မိဘကို ပစ္စုပ္ပန် စိတ်အေးချမ်းဖို့အတွက်ရော၊ သံသရာ ဘဝလွတ်မြောက်ဖို့အတွက်ပါ ဝိပဿနာဟာ မလုပ်မဖြစ် အရေးကြီးကြောင်း

ပြောပြပေးရပါမယ်။ အိမ်မှာ တရားအားထုတ်ဖြစ်အောင်၊ လိုအပ်ရင် ရိပ်သာသွားဖြစ်အောင်လည်း အစွမ်းကုန် ကူညီဆောင်ရွက်ပေးရပါမယ်။

သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ လို့ ခေါင်းတပ်ပြီးပြောထားပေမယ့် လိုရင်းကတော့ မိဘကို ကုသိုလ်တရားတိုးပွားသထက် တိုးပွားအောင်၊ တရားထူးတရားမြတ် ရရှိသထက် ရရှိအောင် စွမ်းဆောင်ကူညီပြီး ကျေးဇူးဆပ်ဖို့ပါပဲ။ ကိုယ့်ရဲ့ စွမ်းဆောင်ကူညီမှုကြောင့် မိဘမှာ အောက်ထစ်ဆုံး တစ်မဂ်တစ်ဖိုလ် ကျွတ်တန်းခိုခွင့်ရတယ်ဆိုရင်ကိုပဲ မိဘကျေးဇူး အကြွင်းမဲ့ ကျေသွားပါပြီ။ အောက်ဆုံး တစ်မဂ်တစ်ဖိုလ် ရပြီးရင် ကျန်တဲ့ အထက်သုံးမဂ်သုံးဖိုလ်က သေချာပေါက် ရတော့မှာပါ။

မိဘကို မဂ်ဖိုလ်နိဗ္ဗာန်ရအောင် စွမ်းဆောင်နိုင်ရင်လည်း မိဘကျေးဇူး အကြွင်းမဲ့ ကျေပါတယ်။ ကိုယ်ကိုယ်တိုင် မဂ်ဖိုလ်နိဗ္ဗာန်ရအောင် စွမ်းဆောင်နိုင်ရင်လည်း မိဘကျေးဇူး အကြွင်းမဲ့ ကျေပါတယ်။ အသင်္ခတနိဗ္ဗာန်ကို ထာဝရ စံဝင်သွားကြတဲ့ ရဟန္တာယောကျ်ား၊ ရဟန္တာမိန်းမတွေ

အားလုံး မိဘအပေါ်မှာရော၊ တခြားပုဂ္ဂိုလ်တွေအပေါ်မှာရော ဘာကျေးဇူးကြွေး၊ ဘာအကုသိုလ်ကြွေးမှ မကျန်တော့ပါဘူး။

မဂ်ဖိုလ်ရဖို့ အနီးကပ်ဆုံးအလုပ်က ဝိပဿနာအလုပ်ဖြစ်တဲ့အတွက် မိဘကို ဝိပဿနာအလုပ်အားထုတ်ဖြစ်အောင် ဖန်တီးပေးခြင်း၊ ဝိပဿနာစာအုပ်, ဝိပဿနာတိပ်ခွေများ လှူဒါန်းခြင်း၊ ဝိပဿနာရဲ့ အခြေအရံအထောက်အပံ့ဖြစ်တဲ့ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်နိုင်အောင် ကူညီပေးခြင်း၊ ဘာကုသိုလ်ပဲပြုပြု နိဗ္ဗာန်ကို ဦးတည်ပြီးပဲ ပြုဖို့တိုက်တွန်းပေးခြင်း၊ ကိုယ့်ကြောင့် မိဘရဲ့ ဝိပဿနာ အားထုတ်မှု အနှောင့်အယှက် မဖြစ်အောင် အရာရာ သတိပြုနေထိုင်ခြင်းတို့ဖြင့်သာ မိဘကျေးဇူးကို အကျေဆပ်နိုင်ပါလိမ့်မယ်။

ဒါပေမဲ့ သူတစ်ပါးကို မဂ်ဖိုလ်နိဗ္ဗာန်ရအောင် လုပ်ပေးဖို့က သိပ်မသေချာတဲ့အတွက် မိဘကျေးဇူးကို ဒီ တစ်ဘဝတည်းနဲ့ အကျေဆပ်ချင်လွန်းသပဆိုရင် ကိုယ်ကိုယ်တိုင် ဒီဘဝမှာပဲ အနည်းဆုံး တစ်မဂ်တစ်ဖိုလ်ရအောင်

ဝိပဿနာအလုပ် အားထုတ်တာ အကောင်းဆုံးပါပဲ ဒကာ
အောင်ဇော်ရေ . . .။

တကယ်တော့လည်း ရှည်လျားလွန်းလှတဲ့ အစ မထင်သံသရာမှာ သူက မိဘဖြစ်လိုက်၊ ကိုယ်က မိဘ ဖြစ်လိုက်နဲ့ အပြန်ပြန် အလှန်လှန် ကျင်လည်နေကြရတာမို့ ဘယ်သူ့ကျေးဇူးကိုတော့ဖြင့် ဘယ်သူက ကျေအောင် ဆပ်ပြီးပြီဆိုတာ ပုထုဇဉ်လောကမှာ လုံးဝ မရှိနိုင်ပါဘူး။ ဒီဘဝ ကိုယ့်မိဘက အတိတ်ဘဝတစ်ခုခုမှာ ကိုယ့်သားသမီး ဖြစ်ခဲ့ နိုင်သလို အနာဂတ်ဘဝ တစ်ခုခုမှာလည်း ကိုယ့်သားသမီး အဖြစ်နဲ့ ကိုယ့်ရဲ့ မိဘကျေးဇူးကို ခံယူသူ ဖြစ်လာနိုင်တာပဲ မဟုတ်လား။ ဒီလိုဆိုရင် ကိုယ့်မိဘအပေါ် ကိုယ့်ဘက်က ကျေးဇူးကြွေးကျန်သလို ကိုယ့်မိဘဘက်ကလည်း ကိုယ့် အပေါ် ကျေးဇူးကြွေးကျန်နေနိုင်တာပဲပေါ့။

ဒါကြောင့် ကျေးဇူးကျေတာ မကျေတာကို အဓိက မထားဘဲ 'ကျေးဇူးဆပ်နေဖို့အဓိက' လို့ နှလုံးသွင်းပြီး လောကနည်းနဲ့ရော၊ ဓမ္မနည်းနဲ့ပါ မိဘကို အမြဲ ကျေးဇူး ဆပ်နေဖို့ပဲ အရေးကြီးပါတယ်။ မိဘကို ရုပ်ပိုင်းဆိုင်ရာရော၊

## မိဘကျေးဇူးအကျေဆပ်နည်း

စိတ်ပိုင်းဆိုင်ရာပါ အဆင့်အတန်းမြင့်အောင် ကျေးဇူးဆပ်နေတဲ့ သားကောင်းသမီးကောင်းရဲ့ထံမှောက်ကို ကံကောင်းခြင်းလက်ဆောင်တွေ အရပ်ဆယ်မျက်နှာကနေ 'ဝင်လာမစဲတသဲသဲ' ဆိုသလို အလုံးအရင်းနဲ့ ဝင်လာမှာကတော့ သေချာပေါက်ပါပဲ . . .။ ။

မိဘကျေးဇူးအကျေဆပ်နိုင်ကြပါစေ။

[အလင်းတန်းဂျာနယ်၊ အောက်တိုဘာ(၁၃)၊ ၂၀၀၃။]



# ရွှေပါရမီလက်ကမ်းစာစဉ်

ဤစာအုပ်နှင့် ဤစာအုပ်ကဲ့သို့သော
လက်ကမ်းစာအုပ်ငယ်များကို
ဓမ္မဒါန ပြုလုပ်လိုပါက
အောက်ပါလိပ်စာအတိုင်း
ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တက်လမ်းဆောက်လုပ်ရေးအဖွဲ့


အမှတ်(၆၁)၊ စဉ့်အိုးတန်းလမ်း(အောက်)၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၂၁၀၄၆၂၊ ၂၂၆၅၀၀။


[ပြင်ပစာအုပ်ဆိုင်များတွင် လုံးဝ ရောင်းချခြင်း မရှိပါ။]

ဓမ္မဒါနကုသိုလ်ရှင်